# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး
# ၃၄ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၅- ၇ - ၂၀၁၄ ]
# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အရာတော်မြို့နယ်ရှိ ပြည်သူ့အားကစားကွင်းအား ပြန်လည်ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ်အခြေခံ၍ နိုင်ငံသားသက်ကြီးရွယ်အို ပြည်သူများနှင့် တောင်သူလယ်သမားများ (ဝန်ထမ်းပင်စင်စားများမပါ)အား ဆင်းရဲနွမ်းပါးမှု အစီအစဉ်တွင် ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်မှ သက်ဆုံးတိုင် သင့်တင့်သော လစဉ်ထောက်ပံ့မှုပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ကလေးဝမြို့နယ်၊ သစ်ချောက်ကျေးရွာရှိ သတ္တုတွင်းဝန်ကြီးဌာနပိုင် ဆေးရုံဟောင်းနှင့် မြေနေရာအား ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ရန်အတွက် စွန့်လွှတ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **မာန်အောင်မြို့နယ်၊ ကျီးညိုကျေးရွာတွင် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ပြည်ထောင်စုနယ်မြေရှိ သတ်မှတ် လျာထားသော မြို့နယ်အားလုံး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အားလုံးရှိ စာရင်းကောက်ကွက်အားလုံး လွှမ်းခြုံအောင် ကောက်ခံနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်သား ကိုယ်စားလှယ်၏ **မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းဆောင်တစ်ဆောင် ပျက်စီးနေသဖြင့် အသစ်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **တပ်မတော်သားများ၏ ပညာရေးဝန်ထမ်း ဇနီး၊ သားသမီးများအား အိမ်ထောင်ဦးစီး တပ်မတော်သား ပြောင်းရွှေ့သော ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ခေတ္တယာယီ တွဲထားခွင့်ပြုရန်** အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၃၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

( င ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် ပြည်ထောင်စုနယ်မြေရှိ သတ်မှတ် လျာထားသော မြို့နယ်အားလုံး၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စု အားလုံးရှိ စာရင်းကောက်ကွက်အားလုံး လွှမ်းခြုံအောင် ကောက်ခံနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ ကောက်ကွက်အားလုံး လွှမ်းခြုံအောင် ကောက်ခံနိုင်ခြင်း** ရှိ/မရှိ၊ **လက်ရှိကောက်ခံပြီးစီးမှုအရ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများတွင် အပြောင်းအလဲ ရှိ /မရှိ နှင့် လူဦးရေ၊ တိုင်းရင်းသားလူမျိုးစုကြီး(၈)မျိုးနှင့် မျိုးနွယ်စုများ အရေအတွက်နှင့် အမည်စာရင်းဆိုင်ရာ အချက်အလက်များကို ဖြေကြားပေးပါရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊